တေဒင်္ဂရ ပုဂ္ဂိုလ်ထူးများ

အမှတ်စဉ် (၈)

ခြင်္သေ့လို ရဲရဲတောက်စကားပြောတဲ့အရာ အသာဆုံး

သီဟနာဒိက တေဒင်္ဂရ အရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ်

"ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဟာ မိမိရဲ့ကိုယ်မှာ မမြဲခြင်းအနိစ္စသဘောကို ဉာဏ်နဲ့မြင်အောင်ကြည့်ပြီး စူးစမ်းဆင်ခြင်ကာ အဖော်မပါ တစ်ဦးတည်း သတိပဋ္ဌာန်တရားအာရုံအတွင်းမှာ နေရတယ်။"

အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်ရဲ့ ဒီဆုံးမစကားတော်ကို ကိုးကားပြီး အရှင်နာဂသိန်ရဟန္တာမထေရ်က မိလိန္ဒမင်းကြီးကို ဝက်ဥပမာပေးပြီး ဆုံးမခဲ့ဖူးတယ်။ "ဒကာတော်မင်းမြတ်....ဝက်တွေဟာ အလွန်ပူပြင်းတဲ့နွေကာလ ရောက်တဲ့အခါ ရေရှိတဲ့နေရာသွားပြီး ရေထဲ ဆင်းနေသလို ကမ္မဋ္ဌာန်းတရား စီးဖြန်းအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာလဲ အမျက်ဒေါသကြောင့် စိတ်တွေနောက်ကျူ ပူလောင်လာတဲ့အခါ အလွန်အေးမြတဲ့ မေတ္တာဘာဝနာဆီ ကပ်ရောက်ပြီး မေတ္တာရေထဲ စိမ်နေရတယ်။ ဒကာတော်မင်းမြတ်....ဒီ့အပြင် ဝက်တွေဟာ ရွှံ့ညွန်ရေထဲ ရောက်တဲ့အခါ နှာခေါင်းနဲ့ မြေကြီးကို တူးပြီး ကျင်းဖွဲ့ကာ ခွက်ကျင်းထဲမှာ အိပ်နေသလို ကမ္မဋ္ဌာန်းစီးဖြန်းနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာလဲ စိတ်ထဲမှာ ကမ္မဋ္ဌာန်းအာရုံထည့်ထားပြီး ကမ္မဋ္ဌာန်းအာရုံဆိုတဲ့ ခွက်ကျင်းထဲမှာပဲ နေရတယ်။"လို့ ဝက်ကျင့်ထုံးနှစ်ရပ် ဥပမာနဲ့ကပ်ပြီး မိလိန္ဒမင်းကြီးကို ခုလို ဆုံးမခဲ့တာပါ။ ဘဝထဲမှာ နေကြရတဲ့ မိမိတို့မှာ လောဘ၊ ဒေါသစတဲ့ ကိလေသာအပူမီးတွေ တောက်လောင်လာပြီဆိုရင် မေတ္တာကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းဆိုတဲ့ ကမ္မဋ္ဌာန်းတရားနလုံးသွင်းပြီးနေမှပဲ အေးချမ်းမယ်လို့ ဆိုလိုချင်တာပါ။

"တရားကျင့်တဲ့သူဆိုတာ ငရဲမှာ ကြောက်စရာ ထိတ်လန့်တုန်လှုပ်စရာဘေးတွေ ရှိပုံနဲ့ နိဗ္ဗာန်မှာ ကျယ်ပြော များပြားလှတဲ့ ချမ်းသာသုခရှိပုံ ဒီအကျိုးတရားနှစ်မျိုးကို သူတစ်ပါးတွေကို ဟောပြသင့်တယ်။"

ဒီဆုံးမစကားကလဲ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်ရဲ့ ဆုံးမစကားပါပဲ။ ဒါကို ကိုးကားပြီး အရှင်နာဂသိန်က မိလိန္ဒမင်းကြီးကို "ဒကာတော်မင်းမြတ်...ခေါက်ရာငှက်ဟာ အသံတွန်မည်ပြီး အခြားငှက်တွေကို ဘေးရန်အန္တရာယ် ရှိတယ်၊ မရှိဘူးဆိုတာကို အချက်ပေးသလို တရားကျင့်နေတဲ့ယောဂီပုဂ္ဂိုလ်ဟာလဲ အခြားပုဂ္ဂိုလ်တွေကို တရားဟောပေးပြီး အပါယ်လေးဘုံရဲ့ ကြောက်စရာကောင်းပုံ ထိတ်လန့်တုန်လှုပ်စရာကောင်းပုံနဲ့ နိဗ္ဗာန်ရဲ့ ဆင်းရဲဒုက္ခ မှန်သမျှ အားလုံးအေးငြိမ်းပုံကို ဟောပြသင့်တယ်။" လို့ ခေါက်ရာငှက် ဥပမာပေးပြီး ဆုံးမခဲ့ပါတယ်။ ဆိုလိုချင်တာကတော့ ကံကဆုံပေးလိုက်လို့ အတူနေရတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ တတ်နိုင်သလောက် တရားနဲ့ဖေးမကူညီပေးဖို့ပါ။ များသောအားဖြင့်

လူတွေဟာ အပါယ်ဘေးနဲ့ နိဗ္ဗာန်ချမ်းသာကို မသိကြတဲ့အတွက် လောကအာရုံ ကာမဂုဏ်တွေထဲမှာပဲ ကိလေသာအပူမီးတွေ တောက်လောင်ပြီး ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ နေနေကြရတာပါ။ အပါယ်ဘေးနဲ့ နိဗ္ဗာန်ချမ်းသာအကြောင်း သိနားလည်သွားပြီဆိုရင်တော့ ဘဝမှာ အပါယ်ဘေးက လွတ်အောင်ကြိုးစားဖို့နဲ့ နိဗ္ဗာန်ချမ်းသာ ရရေးကသာ အဓိကဆိုတာ လက်ခံယုံကြည်လာပြီး စိတ်အေးစရာ ကုသိုလ်တွေနဲ့ အေးအေးချမ်းချမ်း နေတတ်လာတော့တာပါပဲ။

ဒီတစ်ပတ်တော့ အရှင်နာဂသိန်ရဟန္တာအရှင်မြတ်တောင် အကိုးအကားပြုခဲ့ရတဲ့ အဖိုးတန်ဘဝနေနည်း တရားတော်တွေကို ဟောကြားတော်မူခဲ့တဲ့ အရှင်ပိဏ္ဍောလ ဘာရဒွါဇမထေရ်မြတ်အကြောင်းကို ကြည်ညိုကြပါမယ်။

အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်မြတ်ဟာ အရဟတ္တဖိုလ်ရပြီး ရဟန္တာဖြစ်တဲ့နေ့မှာပဲ သံကောက်လို့ခေါ်တဲ့သော့ကို ယူကာ တစ်ဆောင်ဝင် တစ်ဆောင်ထွက်၊ တစ်ကျောင်းဝင် တစ်ကျောင်းထွက် အဆောင်တိုင်း ကျောင်းတိုင်းကို သွားပြီး "အဘယ်ပုဂ္ဂိုလ်မှာ မဂ်နဲ့ပဲဖြစ်ဖြစ် ဖိုလ်နဲ့ပဲဖြစ်ဖြစ် ယုံမှားသံသယ ရှိနေသလဲ၊ အဲဒီလို မဂ်ဖိုလ်နဲ့ပတ်သက်ပြီး ယုံမှားသံသယရှိတဲ့ပုဂ္ဂိုလ်ဟာ မေးချင်တဲ့ မေးခွန်း ငါ့ကို မေးပါ"လို့ ခြင်္သေ့လို ရဲရဲတောက်စကား ပြောဆိုရင်း လှည့်လည်နေခဲ့ပါတယ်။ နောက်ပြီး ဘုရားရှင်ရဲ့ ရှေ့တော်မှောက် သွားပြီးတော့လဲ "အရှင်ဘုရား...ဒီသာသနာတော်မှာ ပြုသင့် ပြုထိုက်တဲ့ ကိစ္စမှန်သမျှ တပည့်တော်အတွက် အထွတ်အထိပ်ရောက် ပြီးမြောက်ပါပြီဘုရား" လို့ ခြင်္သေ့ပမာ ရဲရင့်စွာ လျှောက်ထားခဲ့ပါတယ်။ ဒါ့ကြောင့် ခြင်္သေ့လို ရဲရဲတောက် စကားပြောကြား တတ်သူတွေထဲမှာ အသာဆုံး တေဒဂ် ရခဲ့တာဖြစ်ပါတယ်။

(က) အရှင်မြတ်ရဲ့ ရှေးကောင်းမှု

ခြင်္သေ့ဘဝနဲ့ ပါရမီဖြည့်ပုံ

အရှင်မြတ်ဟာ ပဒုမုတ္တရာမြတ်စွာဘုရားရှင် လက်ထက်တော်က ဟိမဝန္တာတောင်ခြေမှာ နေထိုင်တဲ့ ခြင်္သေ့မျိုးနွယ်မှာ ဖြစ်ခဲ့ပါတယ်။ တစ်နေ့မှာတော့ ပဒုမုတ္တရာမြတ်စွာဘုရားဟာ နံနက်မိုးသောက် အလင်းရောက်ခါနီးအချိန် လောကဓာတ်ကို ဉာဏ်တော်နဲ့ ဖြန့်ကျက်ကြည့်လိုက်တဲ့အခါ ဒီခြင်္သေ့အတွက် မဂ်ဖိုလ်အထောက်အပံ့ အကြောင်းကောင်းမှုပြည့်စုံမှာကို မြင်တော်မူတဲ့အတွက် ဟံသာဝတီမင်းနေပြည်မှာ ဆွမ်းခံလှည့်လည်တော်မူပြီး နေ့လည်ဆွမ်းစားပြီးချိန် ခြင်္သေ့အစာရှာ ထွက်နေတုန်းမှာပဲ ခြင်္သေ့နေတဲ့ ဂူထဲဝင်ပြီး ကောင်းကင်မှာ တင်ပလ္လင်ခွေကာ နိရောဓသမာပတ် ဝင်စားပြီး ထိုင်နေတော်မူပါတယ်။

ခြင်္သေ့လဲ အစာရှာထွက်ရာက ပြန်လာပြီး ဂူတံခါးဝမှာ ရပ်နေရင်းက ဂူထဲမှာ မြတ်စွာဘုရား သီတင်းသုံးနေတာကို မြင်လိုက်ရတဲ့အခါ "ငါ့ဂူထဲလာပြီး ထိုင်နေဖို့ ရဲစွမ်းသတ္တိရှိသူဆိုတာ အခြားပုဂ္ဂိုလ် တစ်ယောက်တစ်လေမျှ မရှိပါ၊ ဒီပုဂ္ဂိုလ်ဟာ အလွန်ကြီးကျယ် မြင့်မြတ်တဲ့ပုဂ္ဂိုလ် ဖြစ်ပါပေတယ်၊ ဂူထဲ အထက်ကောင်းကင်မှာ တင်ပလ္လင်ခွေ ထိုင်နေတယ်၊ သူ့ရဲ့ ကိုယ်ရောင်ကိုယ်ဝါ တွေကလဲ တစ်ဂူလုံး ဖြာထွက် လင်းလက်နေတာပဲ၊ ဒီလို အံ့သြစရာကောင်းတဲ့ပုဂ္ဂိုလ်မျိုးကို ငါ အရင်က တစ်ခါမှ မမြင်ဖူးဘူး။ ဒီပုဂ္ဂိုလ်ဟာ ဒီလောကမှာရှိတဲ့ ပူဇော်ထိုက်သူတွေထဲမှာ အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်လောက်တယ်၊ ငါလဲပဲ ဒီပုဂ္ဂိုလ်အပေါ် စွမ်းအားသတ္တိရှိသလောက် ပူဇော်သက္ကာရအမှုကို ပြုသင့်တယ်။" လို့ အတွေးအကြံဖြစ်ပေါ်လာပြီး ရေမှာပွင့်တဲ့ပန်း၊ ကုန်းမှာပွင့်တဲ့ပန်း ပန်းမျိုးစုံ ရှာဖွေ ဆောင်ယူကာ မြေပြင်ကနေ မြတ်စွာဘုရား တင်ပလ္လင်ခွေ ထိုင်နေတဲ့အထိ ပန်းအခင်း ပန်းပလ္လင် ပြင်ဆင်ခင်းကျင်းပြီး တစ်ညလုံး မြတ်စွာဘုရားရှေ့ကနေ ရှိခိုးလျက် ထိုင်နေပါတယ်။

နောက်နေ့ရောက်တဲ့အခါ အရင်နေ့က လှူထားတဲ့ပန်းတွေကို အကုန်ဖယ်ရှားစွန့်ပစ်လိုက်ပြီး ပန်းအသစ်တွေနဲ့ ပန်းနေရာပန်းပလ္လင် ပြင်ဆင်ကာ လှူဒါန်းပါတယ်။ ဒီနည်းအတိုင်း ခုနစ်ရက်လုံးလုံး ပန်းမွေ့ရာပလ္လင် ပြင်ဆင်ခင်းကျင်း လှူဒါန်းပြီး အလွန်ဝမ်းမြောက်ဝမ်းသာတဲ့ ပီတိသောမနဿနဲ့ အခြားသားရဲတိရစ္ဆာန်တွေ ဝင်မလာအောင် ဂူတံခါးဝမှာ စောင့်နေခဲ့ပါတယ်။ ခုနစ်ရက်ပြည့်မြောက် တဲ့နေ့မှာ မြတ်စွာဘုရားဟာ နိရောဓသမာပတ်ဝင်စားရာမှ ထတော်မူပြီးနောက် ဂူတံခါးဝမှာ ထိုင်နေ တော်မူပါတယ်။ ခြင်္သေ့လဲ မြတ်စွာဘုရားကို သုံးကြိမ်သုံးခါ လက်ျာရစ် လှည့်လည်ပူဇော်ပြီးနောက် အရပ်လေး မျက်နှာကနေ လေးကြိမ် လှည့်ပတ်ရှိခိုးဦးချကန်တော့ပြီး ထိုင်နေလိုက်တယ်။ ပဒုမုတ္တရာ ဘုရားရှင်လဲ "ဒီခြင်္သေ့အတွက် ဒီလောက်ဆိုရင် မင်္ဂဖိုလ်အတွက် အားကောင်းတဲ့ အထောက်အပံ့ အကြောင်း ဖြစ်လောက်ပြီ" လို့ တွေးကြံတော်မူပြီး တန်ခိုးနဲ့ ကောင်းကင်ပေါ် ပျံတက်လိုက်ပြီး ကျောင်းတော်ကို ပြန်ကြွသွားခဲ့ပါတယ်။

သူဌေးသားဘဝ ပါရမီဖြည့် ဆုတောင်းပုံ

ခြင်္သေ့လဲ မြတ်စွာဘုရားနဲ့ ခွဲခွါရတဲ့အတွက်ကြောင့် ပူဆွေးသောကရောက်ကာ ကွယ်လွန်ခဲ့ပြီး ဟံသာဝတီမင်းနေပြည်က အလွန်စည်းစိမ်ဥစ္စာ ပေါကြွယ်ဝတဲ့ မဟာဘောဂသူဌေးမျိုးမှာ ပဋိသန္ဓေ တည်နေခဲ့ပါတယ်။ သူဌေးသား အရွယ်ရောက်တဲ့အခါ တစ်နေ့မှာ ဟံသာဝတီမြို့သူမြို့သားတွေနဲ့ အတူ ကျောင်းတော်သွားပြီး တရားနာနေတုန်းမှာပဲ ပဒုမုတ္တရာမြတ်စွာဘုရားက ရဟန်းတစ်ပါးကို ခြင်္သေ့လို ရဲရဲတောက်စကား ပြောကြားတဲ့နေရာမှာ အသာဆုံး သီဟနာဒိက တေဒဂ်ရာထူးနဲ့ ချီးမြှောက်တာကို တွေ့မြင်လိုက်ပါတယ်။ ဒီအခါ သူဌေးသားလဲ အဲဒီအရှင်မြတ်ကို အားကျပြီး

ပဒုမုတ္တရာမြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို သူ့ရဲ့နေအိမ်ပင့်ကာ ခုနစ်ရက်ခုနစ်လီ အလှူ ပေးပြီး သီဟနာဒိကတေဒဂ် ဆုပန်ခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ကလဲ သူဌေးသားရဲ့ ဆုတောင်း အန္တရာယ်မရှိ ပြည့်စုံမှာကို မြင်တော်မူတဲ့အတွက် ဗျာဒိတ်စကား မိန့်ကြားတော်ခဲ့ပါတယ်။ သူဌေးသားလဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အသက်ထက်ဆုံး ကောင်းမှုကုသိုလ်တွေ ဖြည့်ကျင့်ကာ အဲဒီဘဝကနေ ကွယ်လွန်ပြီးတဲ့နောက် နတ်ပြည်၊ လူ့ပြည်တွေမှာ ကျင်လည်ကာ အကျွန်ုပ်တို့ ဂေါတမ မြတ်စွာ ဘုရားလက်ထက် ရောက်တဲ့အခါ ရာဇဂြိုဟ်မြို့က စည်းစိမ်ဥစ္စာ ပြည့်စုံကြွယ်ဝတဲ့ ပုဏ္ဏား သူဌေးမျိုးမှာ ဖြစ်ခဲ့ပါတယ်။ သူ့နာမည်ကတော့ မျိုးနွယ်လိုက်ပြီး ဘာရဒွါဇ လို့ တွင်ခဲ့ပါတယ်။

(ခ) နောက်ဆုံးဘဝ ရဟန်းပြုတော်မူပြီး တေဒဂ်ရပုံ

ပိဏ္ဍောလ ဘာရဒွါဇ လို့ အမည်တွင်ခဲ့ပုံ

ဘာရဒွါဇ ပုဏ္ဏားလေး အရွယ်ရောက်တဲ့အခါ ဗေဒင်သုံးပုံတတ်မြောက်ခဲ့ပြီး တပည့်လုလင် ငါးရာကို ဗေဒင်သုံးပုံ ပို့ချပေးကာ ဆရာတစ်ဆူအဖြစ်နဲ့ လှည့်လည်နေခဲ့ပါတယ်။ သူဟာ ဆရာကြီး ဖြစ်တာမို့ ဗေဒင်မန္တာန် ရွတ်ဖတ်ရတဲ့နေရာဌာနတိုင်းမှာ ဆရာတပည့်အားလုံးအတွက် ပေးလှူတဲ့ အစားအသောက်တွေကို သူကပဲ ပိုင်စိုးပိုင်နင်းပြုကာ လက်ခံပါတယ်။ ဆိုလိုတာကတော့ သူကြိုက်တဲ့ အစားအသောက်တွေကို သူကြိုက်သလောက် ယူပြီး ကျန်တာကိုမှ တပည့်တွေကို ပေးတဲ့ သဘော ပါ။ သူဟာ အစားအသောက်နဲ့ ပတ်သက်ပြီး လောဘရမ္မက်ကြီးပါတယ်။ ဒါ့ကြောင့် သူဟာ တပည့် တွေနဲ့အတူ ဘယ်နေရာမှာ ယာဂုရမလဲ၊ ဘယ်နေရာမှာ ထမင်းရမလဲလို့ တွေးပြီး ယာဂုထမင်း ခဲဖွယ်တွေ ရရှိရေးကိုသာ အဓိကထားပြီး လှည့်လည်နေခဲ့ပါတယ်။ အဲဒီလို ရောက်တဲ့နေရာတိုင်းမှာ ထမင်းစတဲ့အစားအသောက်ကိုသာ မျှော်လင့်တောင့်တပြီး နေတဲ့အတွက် သူ့နာမည်က ဘာရဒွါဇ ကနေ "ပိဏ္ဍောလ ဘာရဒွါဇ"လို့ အမည်တွင်လာခဲ့ပါတယ်။

ပိဏ္ဍောလဘာရဒွါဇပုဏ္ဏားဟာ နောင်တချိန်မှာ စီးပွားဥစ္စာ ပျက်စီးတဲ့ အန္တရာယ်နဲ့ ကြုံတွေ့ ပြီး ဆင်းရဲတဲ့ဘဝ ရောက်သွားပါတယ်။ တပည့်တွေအပေါ်မှာလဲ အစားအသောက်နဲ့ ပတ်သက်ရင် မတော်မလျော်ပြုကျင့်တဲ့အတွက် တပည့်တွေကလဲ သူ့ကို စွန့်ခွါသွားခဲ့ကြတယ်။ ဒါ့ကြောင့် စားဝတ် နေရေး ကြပ်တည်းလာပါတယ်။ အဲဒီအချိန်က ရာဇဂြိုဟ်မှာ မြတ်စွာဘုရားရဲ့ တပည့်ရဟန်းတွေမှာ လာဘ်လာဘတွေ ပေါများပါတယ်။ ဒီလို လာဘ်လာဘပေါတာကို အားကျလို့ရော မြတ်စွာဘုရား တရားနာပြီး သဒ္ဓါတရားဖြစ်လာတဲ့အတွက်ကြောင့်ရော သူဟာ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုခဲ့တာ ဖြစ်ပါတယ်။

သာသနာ့ဘောင် ရောက်လာတဲ့ပုဂ္ဂိုလ်တွေမှာ အများအားဖြင့် မိမိတို့ရဲ့ မျိုးနွယ်နဲ့စပ်ပြီး အမည်နာမ ထင်ရှားကြမြဲပါ။ ဒါ့ကြောင့် ဒီရဟန်းမှာလဲ သူ့မျိုးနွယ်အတိုင်း "အရှင်ဘာရဒွါဇ"လို့ အမည်တွင်သင့်တာပါ။ ဒါပေမဲ့ "အရှင်ပိဏ္ဍောလ ဘာရဒွါဇ"လို့ပဲ အမည်တွင်ခဲ့ပါတယ်။ အကြောင်းကတော့ ဒီရဟန်းဟာ အလွန်ကြီးတဲ့ အိုးကင်းကြီးကို သပိတ်အနေနဲ့ ကိုင်ပြီးတော့ ဆွမ်းခံပါတယ်၊ ယာဂု ဆန်ပြုတ်သောက်ရင်လဲ အိုးကင်းအပြည့် သောက်ပါတယ်။ ဆွမ်းတွေ ခဲဖွယ်တွေ စားရင်လဲ အိုးကင်းကြီးအပြည့် စားပါတယ်။ ဒီလို အစားကြီးတဲ့အကြောင်းကို ကျန်တဲ့ရဟန်းတွေက မြတ်စွာဘုရားကို လျှောက်ထားကြတဲ့အခါ မြတ်စွာဘုရားက သူ့အတွက် သပိတ်အိတ် ခွင့်မပြုသေးပဲ၊ သပိတ်ကို အိပ်ရာကုတင်အောက်မှာ မှောက်ထားဖို့ မိန့်တော်မူခဲ့ပါတယ်။ ဒါ့ကြောင့် သူဟာ အိုးကင်းကြီးကို ကုတင်အောက်ထားရင်လဲ အိုးကင်းနှုတ်ခမ်းဝနဲ့ အောက်ကြမ်းပြင် ပွတ်တိုက်ပြီးမှ ထားရတယ်။ ဆွမ်းခံသွားဖို့ သပိတ်ကို ပြန်ထုတ်ယူပြန်တော့လဲ နှုတ်ခမ်းဝနဲ့ အောက်ကြမ်းခင်း ပွတ်တိုက်ပြီးမှ နှုတ်ယူရတယ်။ အဲဒီလို နေ့စဉ်နဲ့အမျှ ကုတင်အောင် ကြပ်ကြပ်တည်းတည်း သွင်းပါ၊ ထုတ်ပါ များလာတဲ့အခါ အိုးကင်းနှုတ်ခမ်းဝနဲ့ ကြမ်းပြင် ပွတ်တိုက်ပါများတဲ့အတွက်ကြောင့် အိုးကင်းကြီးဟာ တဖြည်းဖြည်း တစ်ကွမ်းစား-တစ်စလယ်ချက်လောက်ပဲ ဆန့်တဲ့ အိုးအရွယ် ဖြစ်သွားပါတယ်။ အဲဒီအခါမှ မြတ်စွာဘုရားက သူ့အတွက် သပိတ်အိတ် ခွင့်ပြုခဲ့ပါတယ်။ အခုလို ဆွမ်းအတွက် ရည်ရွယ်ကာ ဝမ်းရေးကျပ်လို့ ရဟန်းပြုသလို ဖြစ်တာကြောင့် "ပိဏ္ဍောလ"၊ မျိုးရိုးအနွယ်အနေနဲ့ ဘာရဒွါဇအနွယ်ဖွားဖြစ်တာကြောင့် "ဘာရဒွါဇ"၊ ဒီ နာမည်နှစ်မျိုး ပေါင်းစပ်ပြီး ရဟန်းဘဝမှာလဲ "အရှင် ပိဏ္ဍောလ ဘာရဒွါဇ" လို့ပဲ နာမည် တွင်ခဲ့ပါတယ်။

သီဟနာဒအရာ တေဒဂ်ရပုံ

အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်ဟာ နောင်တစ်ချိန်သောအခါမှာ ဣန္ဒြိယဘာဝနာတရား ကြိုးစားပွားများအားထုတ်တော်မူတဲ့အတွက် အရဟတ္တဖိုလ် ဆိုက်ရောက်ကာ အဘိညာဉ်ခြောက်ပါးရ ဆဋ္ဌာဘိညရဟန္တာဖြစ်တော်မူခဲ့ပါတယ်။ အရှင်မြတ်ဟာ ရဟန္တာအဖြစ်သို့ ရောက်တော်မူရင်ပဲ သံကောက်လို့ခေါ်တဲ့သော့ကို ယူပြီး ကမ္မဋ္ဌာန်းဆောင်တိုင်း၊ ကျောင်းတိုင်းကို သွားကာ မဂ်ဖိုလ်နဲ့ ပတ်သက်လို့ သံသယမရှင်းသူတွေ သူ့ကို မေးကြဖို့ မရွံ့မကြောက် ခြင်္သေ့ဟောက်သလို ရဲရဲတောက် စကားပြောကာ လှည့်လည်နေခဲ့ပါတယ်။

ရာဇဂြိုဟ်သူဌေးရဲ့ စန္ဒကူးသပိတ်ကို တန်ခိုးနဲ့ ယူတော်မူပုံ

တစ်ခါမှာတော့ ရာဇဂြိုဟ်သူဌေးဟာ စန္ဒကူးနံ့သားတုံးကြီး တစ်တုံးကို သပိတ်ထွင်းပြီး ဝါးလုံးအဆင့်ဆင့် စိုက်ထူကာ အတောင် ခြောက်ဆယ်လောက်မြင့်တဲ့ ကောင်းကင်မှာ စန္ဒကူးသပိတ်ကို

ချိတ်ဆွဲထားပြီးတဲ့နောက် လောကမှာ တန်ခိုးရှိတဲ့ ရဟန္တာဖြစ်တဲ့သူ မည်သူမဆို ဒီ စန္ဒကူးသပိတ်ကို ယူနိုင်တဲ့အကြောင်း၊ လှူဒါန်းထားပြီးဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။ ဒီအခါ ဘုရားအမည်ခံ ပူရဏ ကဿပစတဲ့ တိတ္ထိဆရာကြီး ခြောက်ယောက်က သူတို့ဟာ ရဟန္တာတွေဖြစ်တယ်၊ ဒါ့ကြောင့် သူတို့ကို လှူဖို့အကြောင်း ရာဇဂြိုဟ်သူဌေးကို ပြောပါတယ်။ ရာဇဂြိုဟ်သူဌေးကလဲ တန်ခိုးရှိတဲ့ ရဟန္တာဆို ကိုယ်တိုင် တန်ခိုးနဲ့ တက်ယူကြပါ၊ လှူထားပြီးသားပါလို့ပဲ ပြန်ပြောခဲ့ပါတယ်။

အဲဒီအချိန်မှာ အရှင်မဟာမောဂ္ဂလာန် နဲ့ အရှင်ပိဏ္ဍောလဘာရဒွါဇ အရှင်မြတ်နှစ်ပါး ရာဇဂြိုဟ် မြို့ထဲ ဆွမ်းခံဝင်လာပြီး အရှင်ပိဏ္ဍောလဘာရဒွါဇက အရှင်မဟာမောဂ္ဂလာန်ကို တန်ခိုးနဲ့ သပိတ် တက်ယူဖို့ လျှောက်ထားပါတယ်။ အရှင်မဟာမောဂ္ဂလာန်က အရှင်ပိဏ္ဍောလသာ တက်ယူပါလို့ ပြန်လည်တိုက်တွန်းတာနဲ့ အရှင်ပိဏ္ဍောလဟာ ဣဒ္ဓိဝိဓတန်ခိုးအဘိညာဉ်နဲ့ စန္ဒကူးသပိတ်ကို တက်ယူပြီး တန်ခိုးပြတော်မူပါတယ်။ ရာဇဂြိုဟ်သူဌေးလဲ ကြည်ညိုအားရဖြစ်ပြီး အရှင်မြတ်လက်ထဲမှ စန္ဒကူးသပိတ်တောင်းယူကာ သပိတ်ထဲ ကောင်းမြတ်တဲ့ ခဲဖွယ်တွေ အပြည့်ထည့် လှူဒါန်းပါတယ်။ ရာဇဂြိုဟ်မြို့သူ မြို့သားတွေလဲ နှစ်သက်အားရဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး အရှင်ပိဏ္ဍောလမထေရ် နောက် တရုံးရုံး ဝိုင်းအုံကာ လိုက်နေကြတယ်။ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်မြတ်ဟာ စန္ဒကူး သပိတ်ကို ယူဆောင်ပြီးနောက် ဝိုင်းအုံလိုက်နေတဲ့ လူတွေနဲ့အတူ ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်ကာ မြတ်စွာဘုရားလက်တော်ထဲ စန္ဒကူးသပိတ်ကို အပ်လိုက်ပါတယ်။

မြတ်စွာဘုရားရှင်က သိတော်မူလျက်နဲ့ပဲ သပိတ်ဘယ်က ရခဲ့တာလဲဆိုတဲ့အကြောင်း အရှင် ပိဏ္ဍောလဘာရဒွါဇကို မေးတော်မူခဲ့ပါတယ်။ အရှင်မြတ်က ဖြစ်ကြောင်းကုန်စင် ပြန်လည်လျှောက် ထားတဲ့အခါ မြတ်စွာဘုရားက "သင်ဟာ သပိတ်အတွက်နဲ့ လူတွေကို တန်ခိုးပြာဋိဟာ ပြပါဘိတယ်၊ သင်ဟာ မပြုသင့်တဲ့အမှုကို ပြုလုပ်ခဲ့လေပြီ"လို့ အကြောင်းများစွာပြ ကဲ့ရဲ့တော်မူပြီး တန်ခိုးပြာဋိဟာ မပြရန် သိက္ခာပုဒ်ပညတ်တော်မူခဲ့ပါတယ်။

သံဃာ့အလယ် ဖြစ်ပေါ်လာတဲ့ စကား ၃ ခွန်း

အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် စန္ဒကူးသပိတ်ယူပြီးတဲ့နောက် သံဃာ့အလယ်မှာ အရှင်မြတ် နဲ့ပတ်သက်တဲ့ စကားသုံးခွန်း ဖြစ်ပေါ်ခဲ့ပါတယ်။ " (၁) ရဲရဲတောက်စကား ပြောကြားလေ့ရှိတဲ့ အရှင် ပိဏ္ဍောလဘာရဒွါဇမထေရ်ဟာ အရဟတ္တဖိုလ် ရတဲ့နေ့မှာပဲ ရဟန်းသံဃာအလယ်မှာ 'မဂ်ဖိုလ်နဲ့ ပတ်သက်ပြီး ယုံမှားသံသယရှိတဲ့ပုဂ္ဂိုလ်ဟာ အကျွန်ုပ်ကို မေးစေချင်ပါတယ်'လို့ ရဲရဲတောက် စကား ပြောကြားခဲ့တယ်။ (၂) ဘုရားရှင်ရဲ့မျက်မှောက်တော်မှာလဲ မိမိ အရဟတ္တဖိုလ် ရောက်ကြောင်းကို လျှောက်ထားတယ်၊ အခြားသာဝကတွေကတော့ တိတ်ဆိတ်စွာပဲ နေခဲ့တယ်။ (၃) ဒီမထေရ်ဟာ

မိမိကိုယ်တိုင်က ရဲရဲတောက်စကား ပြောကြားတတ်တဲ့အတွက်ကြောင့်ပဲ လူအများရဲ့ ကြည်ညိုမှုကို ဖြစ်စေပြီး ကောင်းကင်ပျံတက်ကာ ရာဇဂြိုဟ်သူဌေးရဲ့ စန္ဒကူးသပိတ်ကိုလဲ ယူဆောင်ခဲ့တယ်။" လို့ ဒီစကားသုံးခွန်းဟာ သံဃာတော်တွေရဲ့အလယ်မှာ ဖြစ်ပေါ်ခဲ့ပါတယ်။ ရဟန်းတော်တွေဟာ အရှင်မြတ်နဲ့ပတ်သက်တဲ့ ဒီချီးကျူးဂုဏ်ပြုစကားသုံးခွန်းကို မြတ်စွာဘုရားရှင်ထံ လျှောက်ထားခဲ့ကြတယ်။

ဘုရားရှင်တွေဆိုတာ ကဲ့ရဲ့သင့်တဲ့အရာကို ကဲ့ရဲ့တော်မူပြီး ချီးကျူးသင့်တဲ့အရာကို ချီးကျူးတော်မူကြတဲ့ဓမ္မတာအတိုင်း ရဟန်းတော်တွေ ပြောဆိုကြတဲ့ ချီးကျူးစကား သုံးခွန်းထဲက ရဟန္တာဖြစ်တာနဲ့ပတ်သက်တဲ့ ချီးမွမ်းထိုက်တဲ့ အကြောင်းအရာကိုသာ ရည်ညွှန်းပြီး ခုလို ချီးကျူးခဲ့ပါတယ်။ **"ရဟန်းတို့ .....ဘာရဒွါဇဟာ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဆိုတဲ့ ဣန္ဒြေသုံးမျိုးကို ပွားများခြင်းကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့် 'ငါမှာ ပဋိသန္ဓေနေရမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စမှန်သမျှ ပြုပြီးပြီ၊ ဒီမဂ်ကိစ္စနဲ့ပတ်သက်ပြီး နောက်ထပ်ပြုဖွယ် ငါ့မှာမရှိတော့ပြီဆိုတာကို ငါသိပါ၏'လို့ အရဟတ္တဖိုလ်ကို ပြောနိုင်ခြင်းဖြစ်ပေတယ်။"** လို့ အရှင်ပိဏ္ဍောလမထေရ်မြတ်ကို ချီးကျူးတော်မူပြီး ခြင်္သေ့လို ရဲရဲတောက်စကား ပြောကြားတဲ့ရဟန်းတော်တွေထဲမှာ အသာဆုံး သီဟနာဒိက တေဒဂ်အရာ ထားတော်မူခဲ့ပါတယ်။

(ဂ) အရှင်မြတ်နဲ့ဆက်စပ်တဲ့ တရားတော်များ

(၁) ဘုရားရှင်တိုင်းရဲ့ အဆုံးအမ ၆ - မျိုး

အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်မြတ်ဟာ အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိက်ဓုတင်စတဲ့ ဓုတင်အကျင့်တွေကို ဆောက်တည်ကျင့်သုံးနေတဲ့ ဓုတင်ဆောင် အရှင်မြတ်ဖြစ်ပါတယ်။ အရှင်မြတ်ဟာ ဓုတင်ကျင့်သူတွေကိုလဲ ချီးကျူးတော်မူလေ့ရှိပြီး အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ဈာန်သမာပတ်,ဖလသမာပတ်များ မပြတ်ဝင်စားလေ့ရှိခြင်းစတဲ့ ဂုဏ်တော်တွေနဲ့လဲ ပြည့်စုံတော်မူပါတယ်။ တစ်ခါတော့ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အချိန် အရှင်မြတ်ဟာ မြတ်စွာဘုရားရှင်နဲ့ မလှမ်းမကမ်းနေရာမှာ ထိုင်ပြီး သမာပတ်ဝင်စားနေပါတယ်။ ဒီအခါ မြတ်စွာဘုရားရှင်က အရှင်မြတ်ရဲ့ ကြည်ညိုဖွယ်ရာ ဂုဏ်ရည်တွေကို တွေ့မြင်ကာ နှစ်ထောင်းအားရဖြစ်ပြီး **"မည်သည့်ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကိုမျှ နှုတ်နဲ့ မစွပ်စွဲ မကဲ့ရဲ့ခြင်း၊ ကိုယ်နဲ့ ညှင်းပန်း နှိပ်စက်မှု မပြုခြင်း၊ သီလကို စောင့်ထိန်းခြင်း၊ အစားအသောက်နဲ့ပတ်သက်ပြီး အတိုင်းအရှည်ပမာဏကို သိခြင်း၊ ဘာဝနာပွားဖို့ရန် သင့်လျော်တဲ့ တိတ်ဆိတ်တဲ့နေရာမှာ နေထိုင်ခြင်းနဲ့ သမထဝိပဿနာတရား ပွားများအားထုတ်ခြင်းဆိုတဲ့ ဒီတရားခြောက်မျိုးဟာ ဘုရားရှင်တို့ရဲ့ အဆုံးအမတော် ဖြစ်ပါပေတယ်"**

လို့ ဉဒါန်းကျူးရင့်တော်မူခဲ့ပါတယ်။ ဒီအကြောင်းကို ဉဒါန်းပါဠိတော်မှာ မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။

(၂) ဉဒေနမင်းကို သရဏဂုံတည်စေပုံ

ရဟန်းငယ်များ ကာမဂုဏ်ဖက် စိတ်မရောက်ပဲ တရားကျင့်နေနိုင်ခြင်းအကြောင်း

တချိန်မှာတော့ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်ဟာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းမှာ သီတင်းသုံးနေပါတယ်။ ဒီအခါ ကောသမ္ဗီပြည့်ရှင် ဘုရင်ဉဒေန အရှင်မြတ်ဆီ ရောက်လာပြီး "အိုအရှင်ဘာရဒွါဇ....ပျိုမျစ်နုနယ်ပြီး ပထမအရွယ်နဲ့ပြည့်စုံတဲ့ ရဟန်းငယ်တွေဟာ ကာမဂုဏ်အာရုံတွေကို ခွါရှောင်ပြီး တစ်သက်လုံး ဖြူစင်မြင့်မြတ်တဲ့အကျင့်တွေကို ကျင့်နေနိုင်ခြင်းဟာ ဘာ့ကြောင့်ပါလဲ အရှင်ဘုရား" လို့ မေးမြန်းလျှောက်ထားပါတယ်။ ဒီအခါ အရှင်မြတ်က ဉဒေနမင်းကို "အို မင်းမြတ်.... သိတော်မူ, မြင်တော်မူ, ကိလေသာငြိမ်းတော်မူ, တရားအားလုံးကို အမှန်အတိုင်း ထိုးထွင်းသိတော်မူပြီးတဲ့ မြတ်စွာဘုရားရှင်က ရဟန်းတော်တွေကို '**ရဟန်းတို့...မိခင်အရွယ်ရှိတဲ့အမျိုးသမီးတွေအပေါ်မှာ အမေဆိုတဲ့စိတ်ကို နလုံး သွင်းပါ၊ နမအရွယ်ရှိတဲ့အမျိုးသမီးတွေနဲ့တွေ့တဲ့အခါ နမဆိုတဲ့စိတ်ကို နလုံးသွင်းပါ၊ သမီးအရွယ်ရှိတဲ့ အမျိုးသမီးတွေအပေါ်မှာ သမီးဆိုတဲ့စိတ်ကို နလုံးသွင်းပြီး နေကြ**'လို့ ဆုံးမတော်မူခဲ့ပါတယ်။ ရဟန်းငယ်တွေဟာ မြတ်စွာဘုရားဆုံးမတဲ့အတိုင်း နလုံးသွင်းပြီး နေကြတဲ့အတွက် ဖောက်ပြန်တဲ့ ရာဂစိတ်တွေ မဖြစ်ပွားဘဲ မြင့်မြတ်တဲ့အကျင့်တွေကို တစ်သက်လုံး ကျင့်သုံးနေနိုင်တာ ဖြစ်ပါတယ်။" လို့ ဖြေကြားတော်မူပါတယ်။

ဒီအခါ ဉဒေနမင်းက အရှင်မြတ်ကို "အရှင်ဘာရဒွါဇ....စိတ်ဆိုတာ လျှပ်ပေါ်လော်လည်တဲ့သဘောရှိပါတယ်၊ တစ်ခါတလေ အမေအရွယ်အမျိုးသမီးတွေအပေါ်မှာလဲ တပ်မက်တဲ့စိတ်တွေဖြစ်လာတတ်ပါတယ်၊ တစ်ခါတလေ နမအရွယ်၊ သမီးအရွယ်အမျိုးသမီးတွေ အပေါ်မှာလဲ တပ်မက်တဲ့စိတ်တွေ ဖြစ်ပေါ်လာတတ်ပါတယ်ဘုရား။ ရဟန်းပျိုရဟန်းငယ်တွေ ကာမဂုဏ်ဖက် စိတ်မယိုင်ပဲ တရားအားထုတ် နေနိုင်တဲ့ အခြားအကြောင်းများ ရှိပါသေးသလားဘုရား" လို့ မေးမြန်းခဲ့ပြန်ပါတယ်။ ဒီလိုမေးတဲ့အခါ အရှင်မြတ်က ဉဒေနမင်းကို "အို မင်းကြီး....သိတော်မူ, မြင်တော်မူ, ကိလေသာငြိမ်းတော်မူ, တရားအားလုံးကို အမှန်အတိုင်း ထိုးထွင်းသိတော်မူပြီးဖြစ်တဲ့ မြတ်စွာဘုရားရှင်က ရဟန်းတွေကို 'ရဟန်းတို့...လာကြ၊ သင်တို့တတွေဟာ ခြေဖဝါးကနေ အထက်ဆံဖျားတိုင်၊ ဆံဖျားကနေ **အောက်ခြေဖဝါးတိုင်အောင် အရေပြားအဆုံးရှိတဲ့ ဒီခန္ဓာကိုယ်ကို မစင်မကြယ် ရွံစဖွယ်တွေနဲ့ပြည့်နေတဲ့ စက်ဆုပ်ဖွယ်ခန္ဓာကိုယ်အဖြစ် ဉာဏ်နဲ့ ခုလို ဆင်ခြင်ကြ၊ တစ်လံမျှရှိတဲ့ ဒီခန္ဓာကိုယ်မှာ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊**

အညှို့(ကျောက်ကပ်)။ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် - ဒီ သုံးဆယ့်နှစ်ပါးသော ရွံစရာတွေနဲ့သာ ပြည့်နေတဲ့ စက်ဆုပ်ဖွယ် ရွံရှာဖွယ် ခန္ဓာကိုယ်ကြီးပါတကားလို့ နှလုံးသွင်းဆင်ခြင်ပြီး နေကြ'လို့ ဆုံးမတော်မူခဲ့တယ်။ ရဟန်းတော်တွေဟာ မြတ်စွာဘုရားဆုံးမတဲ့အတိုင်း ဒီ ၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်းနဲ့ အသုဘဘာဝနာကို နှလုံးသွင်းဆင်ခြင်ပြီး နေကြတဲ့အတွက်ကြောင့် ရဟန်းပျိုရဟန်းငယ်တွေဟာ ကာမဂုဏ်အာရုံတွေဖက် စိတ်မယိုင်ပဲ တစ်သက်လုံး တရားဘာဝနာကို ကျင့်ကြံနေနိုင်ခြင်း ဖြစ်ပါတယ်" လို့ ဖြေကြားတော်မူခဲ့ပါတယ်။

ဒီလို ဖြေကြားတဲ့အခါ ဥဒေနမင်းက အရှင်မြတ်ကို "အရှင်ဘာရဒွါဇ....သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်အကျင့်မြတ်ကို ထိထိရောက်ရောက် ပွားများအားထုတ်ထားတဲ့ပုဂ္ဂိုလ်တွေအတွက်တော့ အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းဖို့ လွယ်ကူမှာပါဘုရား၊ ထိထိရောက်ရောက် အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်တွေမှာတော့ အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းဖို့ ခက်ပါလိမ့်မယ်ဘုရား၊ တစ်ခါတလေ အသုဘ မတင့်တယ်တဲ့အာရုံပါလားလို့ နှလုံးသွင်းနေပေမဲ့ သုဘ-တင့်တယ်ကောင်းမြတ်တဲ့ အာရုံအဖြစ်နဲ့ ထင်လာတတ်ပါတယ်ဘုရား။ ဒါ့ကြောင့် ရှင်ရဟန်းငယ်တွေ ကာမဂုဏ်အာရုံတွေဖက် စိတ်မညွတ်ဘဲ တစ်သက်လုံး တရားကျင့်နေနိုင်ခြင်းရဲ့ အခြားအကြောင်း ရှိပါသေးသလာဘုရား" လို့ မေးလျှောက်ပြန်ပါတယ်။

ဒီအခါမှာ အရှင်ပိဏ္ဍောလအရှင်မြတ်က ဥဒေနမင်းကို "အို မင်းကြီး....သိတော်မူ, မြင်တော်မူ, ကိလေသာငြိမ်းတော်မူ, တရားအားလုံးတို့ကို ကိုယ်တိုင်ထိုးထွင်းသိတော်မူပြီးတဲ့ မြတ်စွာဘုရားက ရဟန်းတွေကို ခုလို ဟောခဲ့ပါတယ်၊ ' **ရဟန်းတို့....လာကြ၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဆိုတဲ့ ဣန္ဒြေတွေမှာ တံခါးကို လုံအောင်စောင့်ရှောက်ကြ၊ မျက်စိနဲ့ အဆင်းကို မြင်ရတဲ့အခါ ယောကျ်ားပဲ၊ မိန်းမပဲလို့ နိမိတ်ပုံစံပေါ်တဲ့အထိ နှလုံးမသွင်းမိစေနဲ့၊ ဒါက မျက်နှာပဲ၊ နှုတ်ခမ်းပဲ၊ ခေါင်းပဲ၊ လက်ပဲ စတဲ့အသေးစိတ် အင်္ဂါအစိတ်အပိုင်းပုံစံအထိ စိတ်ကို မရောက်စေနဲ့။ မြင်ကာမျှလေးပဲ နှလုံးသွင်းပါ။ မျက်စိဆိုတဲ့ စက္ခုန္ဒြေကို မစောင့်ထိန်းနိုင်ရင် မြင်လိုက်ရတဲ့အာရုံနဲ့ပတ်သက်ပြီး အလွန်အမင်း လိုချင်မှု အဘိဇ္ဈာနဲ့ မကျေနပ်တဲ့ ဒေါမနဿစတဲ့ အကုသိုလ်တရားတွေဟာ မစောင့်ထိန်းတဲ့ပုဂ္ဂိုလ်ကို လွှမ်းမိုး လာနိုင်တယ်။ ဒါ့ကြောင့် မျက်စိဆိုတဲ့ စက္ခုန္ဒြေကို နိုင်အောင်စောင့်ထိန်းကြ။ အလားတူပဲ နားနဲ့ အသံကို ကြားတဲ့အခါ၊ နှာခေါင်းနဲ့ အနံ့ကို နမ်းရှူရတဲ့အခါ၊ လျှာနဲ့ အရသာကို လျက်တဲ့အခါ၊ ကိုယ်နဲ့ အတွေ့အထိဖောဋ္ဌဗ္ဗာရုံကို ထိတွေ့ရတဲ့အခါ၊ စိတ်နဲ့ အာရုံမျိုးစုံကို တွေးကြံသိရတဲ့အခါတွေမှာလဲ ယောကျ်ား မိန်းမအာရုံအထိ၊ လက် ခြေစတဲ့ အင်္ဂါအစိတ်အပိုင်းတွေအထိ နှလုံးမသွင်းဘဲ ကြားကာ**

မတ္တာ၊ နံကာ မတ္တာ၊ လျက်ကာ မတ္တာ၊ ထိကာ မတ္တာ၊ တွေးကြံသိကာ မတ္တာလောက်ပဲ နလုံးသွင်းပါ။ အဲဒီလိုမှ မစောင့်ထိန်းရင် အလွန်လိုလားတပ်မက်ခြင်း အဘိဇ္ဈာနဲ့ အလိုမကျ မကျေနပ်ခြင်း ဒေါမနဿစတဲ့ အကုသိုလ်တွေဟာ မစောင့်ထိန်းတဲ့ပုဂ္ဂိုလ်ကို လွှမ်းမိုးဖိစီးလာမှာဖြစ်တယ်။ ဒ့ါကြောင့် သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေဆိုတဲ့ ဣန္ဒြေတွေကို စောင့်ထိန်းပါ။' လို့ ရဟန်းတွေကို ဟောခဲ့ပါတယ်။ ရဟန်းတွေဟာ မြတ်စွာဘုရားရှင် ဟောတဲ့အတိုင်း ဣန္ဒြေခြောက်ပါးနဲ့ ပတ်သက်ပြီး အကုသိုလ်မဖြစ်အောင် စောင့်ထိန်းနိုင်ကြတဲ့အတွက်ကြောင့် ငယ်ရွယ်နုပျိုကြပေမဲ့ ကာမဂုဏ်တွေ အပေါ်မှာ စိတ်မညွတ်အောင် စောင့်ထိန်းပြီး ကမ္မဋ္ဌာန်းတရားကို တစ်သက်လုံး ကျင့်သုံး နေနိုင်ခြင်း ဖြစ်ပါတယ်။" လို့ ဖြေကြားတော်မူပါတယ်။

ဒီအခါ ဥဒေနမင်းက အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်မြတ်ကို "အရှင် ဘာရဒွါဇ....အလွန် အံ့ဩလောက်ပါပေတယ်၊ မဖြစ်ဘူးတဲ့အဖြစ်ထူး ဖြစ်ပါပေတယ်။ သိတော်မူ မြင်တော်မူ ကိလေသာ ကင်းစင်တော်မူ တရားအားလုံးသိတော်မူတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဟောပြောချက်က အလွန်ကို ကောင်းမွန်စွာ ဟောကြားအပ်တဲ့တရားတော် ဖြစ်ပါပေတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကာမဂုဏ်အာရုံ အပျော်တွေဖက် စိတ်မရောက်ဘဲ တစ်သက်လုံး တရားကျင့်နိုင်ကြတာဟာ ဒီ ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းလို့ပါဘုရား။ တပည့်တော်လဲ ကိုယ် နှုတ် စိတ်သုံးမျိုးလုံးကို မစောင့်ရှောက်, သတိလွတ် ကင်းပြီး, ဣန္ဒြေတွေကို မစောင့်ထိန်းဘဲ နန်းတော်ထဲ ဝင်တဲ့အခါမျိုးမှာ တပ်မက်တဲ့တဏှာရာဂ စိတ်တွေက တပည့်တော်ကို လွှမ်းမိုးနှိပ်စက်ပါတယ်ဘုရား။ ကိုယ် နှုတ် စိတ်တွေကို စောင့်ရှောက်ပြီး သတိလဲထား ဣန္ဒြေတွေ စောင့်ထိန်းပြီးမှ နန်းတော်ထဲ ဝင်တဲ့အခါမျိုးမှာတော့ တပ်မက်တဲ့တဏှာရာဂ စိတ်တွေ တပည့်တော်မှာ မဖြစ်ပါဘုရား။ အရှင်ဘုရား ဘာရဒွါဇ.... အလွန်နှစ်သက်ထိုက်ပါပေတယ်၊ အလွန်မြတ်နိုးထိုက်ပါပေတယ်။ အရှင်ဘုရားဟာ မှောက်ထားတဲ့ အိုးကို လှန်ပြသလို၊ တစ်ခုခုနဲ့ ဖုံးကွယ်နေတဲ့ အရာဝတ္ထုကို မြင်အောင်လှစ်ပြသလို၊ မျက်စိလည် လမ်းမှားနေတဲ့သူကို လမ်းမှန်ဟာ ဒါပဲလို့ ညွှန်ပြသလို၊ မျက်စိအမြင်ကောင်းသူတွေ မြင်ပါစေဆိုပြီး အမှောင်ထဲမှာ မီးထွန်းပြသလို အကြောင်းအရာအမျိုးမျိုးနဲ့ တပည့်တော်ကို နားလည်အောင် ရှင်းပြတော်မူခဲ့ပါတယ်ဘုရား။ အရှင်ဘုရား ဘာရဒွါဇ....တပည့်တော်ဟာ ဒီနေ့ကစပြီး မြတ်စွာဘုရားကိုရော၊ တရားတော်ကိုရော၊ သံဃာတော်ကိုရော ကိုးကွယ်ဆည်းကပ်ပါတယ်ဘုရား။ တပည့်တော်ကို အသက်ထက်ဆုံး ရတနာ သုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာဒါယကာအဖြစ် အရှင်ဘုရား အသိအမှတ်ပြုတော် မူပါ ဘုရား" လို့ ဝမ်းမြောက်ဝမ်းသာ လျှောက်ထားကာ အရိုအသေပေး ရှိခိုးဦးချ ကန်တော့ပြီး နန်းတော်ကို ပြန်သွားခဲ့ပါတယ်။ ဒီအကြောင်းကို သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်မှာ မှတ်တမ်းတင် ဖော်ပြထားပါတယ်။

ရှင်ရဟန်းငယ်များ လိုက်နာကျင့်သုံးဖွယ် အချက် ၃ ချက်

ဒီသုတ်တော်မှာ အဓိကမှတ်သားစရာအချက်ကတော့ ရှင်ငယ်ရဟန်းငယ်များအနေနဲ့ မြတ်စွာဘုရားသာသနာတော်မှာ တစ်သက်လုံး ပျော်ရွှင်စွာနဲ့ ပရိယတ်၊ ပဋိပတ်တွေ အားထုတ်ချင်တယ်ဆိုရင် (၁) အမျိုးသမီး မာတုဂါမတွေနဲ့ ဆက်ဆံရတဲ့အခါ အမိအရွယ်လောက်ရှိတဲ့သူကို အမေစိတ်ထားဖို့၊ နမအရွယ်ရှိတဲ့သူကို နမလေးလို သဘောထားဖို့၊ သမီးအရွယ်ရှိတဲ့သူကို သမီးလို နှလုံးသွင်းဖို့ ကြိုးစားရမှာပါ။ ဒီလို နှလုံးသွင်းလိုက်ရင် တဏှာပေမစိတ်တွေ မဖြစ်တော့ပါဘူး။ (၂) ဥဒေနမင်း လျှောက်တဲ့အတိုင်း ခုဖော်ပြခဲ့သလို စိတ်ထားရုံမျှနဲ့တော့ တဏှာပေမစိတ်ကို ထိန်းဖို့ ခက်ပါလိမ့်မယ်၊ ဒ့ါကြောင့် ၃၂ ကောဋ္ဌာသလို့ ခေါ်တဲ့ ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းပြီး အသုဘသညာ မပြတ်ပေါ်အောင် ပွားများရပါမယ်။ ဒါမှ ဝိသဘာဂအာရုံတွေအပေါ် စိတ်မညွတ်ဘဲ သာသနာတော်မှာ ပျော်ရွှင်စွာ နေနိုင်ပါလိမ့်မယ်။ (၃) ပိုပြီး စိတ်ထိန်းနိုင်အောင်ဆိုရင်တော့ ဣန္ဒြေခြောက်ပါးကို အကုသိုလ်မဖြစ်အောင် ကမ္မဋ္ဌာန်းအာရုံတစ်ခုခုနဲ့ စောင့်ထိန်းပေးရမှာပါ။ မြတ်စွာဘုရားဆုံးမတဲ့ ဒီသုံးချက်အတိုင်း လိုက်နာကျင့်သုံး နှလုံးသွင်းပြီး နေနိုင်မယ်ဆိုရင် အလွန်ကြုံတွေ့ရခဲတဲ့ သာသနာတော်မှာ တရားဓမ္မတွေကို တစ်သက်လုံး ပျော်ရွှင်စွာ ကျင့်သုံးနေနိုင်မှာ ဖြစ်ပါတယ်။ တရားအားထုတ်နေတဲ့ ယောဂီတွေလဲ ဒီသုံးမျိုးကို မကြာမကြာ နှလုံးသွင်း ကျင့်သုံးပေးမယ်ဆိုရင် ကိလေသာကာမစိတ်တွေ မဖြစ်တော့ဘဲ အားထုတ်လက်စ တရားကို ပျော်ရွှင်စွာ အားထုတ်လာနိုင်ပါလိမ့်မယ်။ အရှင်ပိဏ္ဍောလ ဘာရဒွါဇမထေရ်မြတ်ဟာ ဒီတရားတော်နဲ့ ဥဒေနမင်းကို သရဏဂုံ တည်အောင် စောင့်ရှောက်ပေးခဲ့ပါတယ်။

နိဂုံး

အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်မြတ်အကြောင်းကို ကြည်ညိုရတဲ့အခါ ကမ္မဋ္ဌာန်းအာရုံနဲ့ အေးချမ်းစွာနေတတ်ဖို့၊ အတူနေပုဂ္ဂိုလ်တွေကိုလဲ တတ်နိုင်သလောက် တရားသဘော နားလည်အောင် ကူညီစောင့်ရှောက်ဖို့နဲ့ ကိလေသာကာမရာဂတွေ လျော့နည်းအောင် ကျင့်ကြံကြိုးစားအားထုတ်ဖို့ စတဲ့ ဘဝနေနည်း ဘဝလမ်းညွှန်တရားတွေ တွေ့ရမှာပါ။ ဒ့ါကြောင့် နိဂုံးချုပ်အနေနဲ့ အရှင်မြတ် ညွှန်ပြတဲ့ ဘဝနေနည်းအတိုင်း ကျင့်သုံးနေထိုင်နိုင်ပြီး အရှင်မြတ်ကဲ့သို့ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဆိုတဲ့ ဣန္ဒြေသုံးပါးကို ထက်အောင် ကျင့်သုံးနိုင်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်အရာမှာ ခြင်္သေ့ဟောက်သည့်ပမာ ရဲရဲတောက် ပြောကြားနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေလို့ ဆုတောင်းရင်း ဒီတပတ်သင်တန်းကို နိဂုံးချုပ်လိုက်ပါတယ်။

ကျမ်းကိုး---

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပတွဲနဲ့ ၎င်းအဋ္ဌကထာ ပတွဲ၊

၂။ စူဠဝါပါဠိတော်၊ အဋ္ဌကထာ။

၃။ သံယုတ်ပါဠိတော်၊ အဋ္ဌကထာ။

၄။ ဥဒါန်းပါဠိတော်၊ အဋ္ဌကထာ။

၅။ ထေရာပဒါန်ပါဠိတော်၊ အဋ္ဌကထာ။

၆။ မိလိန္ဒပဉှာပါဠိ၊

၇။ သာရတ္ထဒီပနီကာ တတိယအုပ်၊

၈။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပထမပိုင်း။

အရှင်နေမိန္ဒာဘိဝံသ

ခေတ္တ - သီတဂူသံဃဝိဟာရ၊

5200 Club Road, Haverhill, F L 3341, U.S.A

၁၃၈၀-ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်(၂)ရက်၊ (၁၅၊၂၀၁၈)၊ အင်္ဂါနေ့။ ညနေ ၆း၅၇။